# ပထမဆုံးတိုင် (ရှမ်း) တိုင်းရင်းသားပြတိုက် တယ်ဟုန်တွင်ဖွင့်လှစ်ခဲ့



လတ်တလောရက်ပိုင်းတွင် တရုတ်နာမည်ကျော် လူမျိုးရေးရာဗေဒပညာရှင် မစ္စတာကျမ်းရင့်လန်း၏ အမည်ဖြင့် အမည်တပ်ပေးအပ်သော "တယ်ဟုန်ဆရာအတက်သင်ကျောင်း၏ ကျမ်းရင့်လန်းတိုင်(ရှမ်း)တိုင်းရင်းသားပြတိုက်" တယ်ဟုန်ဆရာများ အတတ်သင်ကျောင်းတွင် ဖွင့်လှစ်ခဲ့ပါသည်။ မိတ်ဆက်ခြင်းအရသိရသည်မှာ- အဆိုပါပြတိုက်တွင် ပြည်တွင်းတွင် ပထမဆုံးတည်ထောင်သော တိုင်(ရှမ်း)တိုင်းရင်းသားလူနေမှုပတ်ဝန်းကျင်သမိုင်းများကို သီးသန့်ဖော်ပြထားသော ပြတိုက်ဖြစ်သည်။

တယ်ဟုန်ဆရာကြီးကျမ်းရင့်လန်းပြတိုက်တွင် ယခုလက်ရှိတွင် "တိုင်(ရှမ်း)တိုင်းရင်းသားကြေးနီပြခန်း"၊ "မန်ချူမင်းဆက်ခေတ်တိုင်(ရှမ်း)တိုင်းရင်းသားပန်းချီစာအုပ်ပြခန်း"နှင့် "ကျမ်းရင့်လန်းတိုင်(ရှမ်း)ပညာ သုတေသနလေ့လာရေးပြခန်း"စသည့် ပြခန်း(၃)ခုရှိသည်။ ၎င်းပြခန်းများတွင် ပြသထားသော ပစ္စည်းများသည် ကုန်လုပ်ကိရိယာများ၊ နေ့စဉ်သုံးပစ္စည်းကိရိယာများ၊ တိုင်းရင်းသားရိုးရာအသုံးပစ္စည်းများ၊ ဘာသာရေးသုံးပစ္စည်းများ၊ လက်နက်များ၊ တေးဂီတတူရိယာများ၊ စာပေစာတမ်းများ၊ သမိုင်းဓာတ်ပုံများစသည့် တိုင်(ရှမ်း)တိုင်းရင်းသားလူမှုရေး သမိုင်းကဏ္ဍပေါင်းစုံ၏ ပစ္စည်းများဖြစ်သည်။ "တိုင်(ရှမ်း)တိုင်းရင်းသားကြေးနီပြခန်း"တွင် ပြသထားသော ပစ္စည်းပေါင်း (၁၀၀)ကျော်သည် တိုင်(ရှမ်း)တိုင်းရင်းသား၏ ရှေးကျသောကြေးနီထုတ်လုပ်မှုသမိုင်းနှင့် အနုပညာလက်ရာပြောင်မြောက်သော တိုင်(ရှမ်း)တိုင်းရင်းသားလက်တွေ့ အသုံးအဆောင်များဖြစ်သည်။ "မန်ချူမင်းဆက်ခေတ်တိုင်(ရှမ်း)တိုင်းရင်းသား ပန်းချီစာအုပ်ပြခန်း"တွင် မန်ချူမင်းဆက်ခေတ်ဘုရင်မင်းခန်းရှိလက်ထက်သည့်အချိန်မှ ဘုရင်မင်းရွှမ်ထုံလက်ထက်သည့် အချိန်ထိတိုင်(ရှမ်း) တိုင်းရင်းသားများအကြောင်းကို ဖော်ပြထားသော ပုံဖော်ရှင်းပြခြင်းစာအုပ်(၁၀)မျိုးထဲရှိသော ပန်းချီပေါင်း (၁၃၀)ချပ်ကို ခင်းကျင်းပြသသည်။ "ကျမ်းရင့်လန်း တိုင်(ရှမ်း)ပညာ သုတေသနပြုစုလေ့လာမှုပြခန်း"တွင် ဆရာကြီးကျမ်းရင့်လန်းတိုင်(ရှမ်း) ပညာသုတေသနပြုစုသောစာမူများ၊ ထုတ်ဝေထားသောစာဆောင်များနှင့် သိမ်းဆည်းစုဆောင်းထားသော တိုင်(ရှမ်း)တိုင်းရင်းသားယဉ်ကျေးမှုပစ္စည်းများနှင့် ဓာတ်ပုံများကိုပြသထားပါသည်။

သတင်းထောက် - ဝမ်ယွမ်ရွှေ

## တရုတ်နိုင်ငံအကြီးစားခရီးသည်တင်လေယာဉ် C919 မိုးကောင်းကင်သို့ပျံသန်း



ဆင်ဟွာသတင်းဌာန ရှန်ဟိုင်းမှ မေလ(၅)ရက်နေ့တွင် ပေးပို့သောသတင်းအရ တရုတ်နိုင်ငံမှ ကိုယ်ပိုင်သုတေသနပြုစုပြီး တည်ဆောက်သော အကြီးစားခရီးသည်တင်လေယာဉ် C919 အစမ်းပျံသန်းမှုအောင်မြင်ကြောင်း သိရသည်။ အဆိုပါ အောင်မြင်ခြင်းသည် တရုတ်နိုင်ငံမှာ လေကြောင်းအင်အား တောင့်တင်းသော နိုင်ငံအဖြစ်ရပ်တည်ရေးအိပ်မက်ကို ဖြစ်မြောက်အောင် ခြေလှမ်းကြီးလှမ်းနိုင်ခဲ့ပါသည်ကို ဖော်ပြပါသည်။

ဥရောပ၊ အမေရိကနိုင်ငံများနောက်တွင် တရုတ်နိုင်ငံသည် အကြီးစားခရီးသည်တင်လေယာဉ်ကို ကိုယ်တိုင်သုတေသနပြုပြီးတည်ဆောက်သော နိုင်ငံတစ်နိုင်ငံဖြစ်လာပါသည်။

ညနေပိုင်းအချိန်တွင် ရှန်ဟိုင်းဖူတုံအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဖြူ ပြာ၊ စိမ်းသုံးရောင်ခြယ်သထားသော ခေတ်မီမျဉ်းဖြောင့်ပုံစံ အကြီးစားခရီးသည်တင်ယာဉ်သည် လေယာဉ်ပြေးလမ်းကြောင်းပေါ်တွင်ပြေးနေသည်။ တည်ငြိမ်သော မာနထောင်လွှားသော သိန်းငှက်ကြီးသဖွယ်ဖြစ်ပါသည်။

ညနေ(၂)နာရီလောက်တွင် လေဆိပ်လေယာဉ်အရှိန်မြန်လာပြီး အချိန်တိုအတွင်းတွင်တည်ငြိမ်စွာဖြင့် ကောင်းကင်ယံရှိတိမ်တိုက်များထဲသို့ ပျံသန်းသွားပါသည်ကို တရုတ်သတင်းထောက်က တွေ့မြင်ခဲ့သည်။ တရုတ်နိုင်ငံတော်ကောင်စီဒုတိယဝန်ကြီးချုပ်မာခိုင်၊ ရှန်ဟိုင်းမြို့ပါတီကော်မတီအတွင်းရေးမှူးအပါအဝင်ပွဲကြည့်ပရိသတ်အားလုံးသည် လက်ခုပ်တီးကြရင်း ကြွေးကြော်ခဲ့ကြပါသည်။

လေယာဉ်ပျံပေါ်တွင်အစမ်းပျံသန်းမှုအဖွဲ့ဝင် (၅)ဦးပါရှိသည်။ လေယာဉ်ပျံသန်းမှုအမြင့်သည် မီတာ(၃၀၀၀)ရှိသည်။ (၁)နာရီနှင့် မိနစ်(၂၀) ပျံသန်းပြီးနောက် လေယာဉ်သည် မြေပြင်ပေါ်သို့ တည်ငြိမ်စွာ ပျံသန်းဆင်းသက်လာသည်။

အဓိကထုတ်လုပ်သော လုပ်ငန်းအဖွဲ့ဖြစ်သည့် တရုတ်နိုင်ငံ စီးပွားရေးသုံးလေယာဉ်ကုမ္ပဏီသည် ၂၀၀၈ ခုနှစ်မှ စတင်ပြီး အဆိုပါလေယာဉ်ကို သုတေသနပြုထုတ်လုပ်သည်။ တရုတ်နိုင်ငံသည် ဉာဏ်ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုအခွင့်ကို အပြည့်အဝပိုင်ဆိုင်သည်။ C919 သည် နိုင်ငံတကာမှ ခေတ်မီသော နည်းပညာများကို အသုံးချထားသည်။ လုပ်ငန်းအဖွဲ့ (၂၀၀)ကျော်ပါဝင်ပြီး လူဦးရေ (၂)သိန်းကျော်သည် သုတေသနပြုခြင်းနှင့် ထုတ်လုပ်ခြင်းကိုပါဝင်ဆောင်ရွက်နေပါသည်။

C919၏ ဒီဇိုင်းနာချုပ်ဦးကွမ်ဟွေက ထိုကဲ့သို့ပြောသည်။ တရုတ်နိုင်ငံ၏ လေကြောင်းစက်မှုလုပ်ငန်း၏ အခြေခံနှင့် တစ်ကမ္ဘာလုံးအတွင်း အရင်းအမြစ်အားသာချက်များမှီပြုကာ C919 သည် တရုတ်နိုင်ငံ၏ လေယာဉ်ပျံဖြစ်သည်။ ကမ္ဘာ့၏ လေယာဉ်ပျံလည်းဖြစ်သည်။ လူသားများ၏ လေကြောင်း လုပ်ငန်းအတွက် အလွန်အရေးပါလှပေသည်။

မိုးကောင်းကင်ပေါ်သို့ ပျံသန်းနိုင်ခြင်းသည် တရုတ်နိုင်ငံ၏ အိပ်မက်ဖြစ်သည်။ ၁၉၀၉ခုနှစ်တွင်"တရုတ်နိုင်ငံလေကြောင်းဖခင်"ဖြစ်သူ ဖုံယူသည် ကိုယ်ပိုင်တပ်ဆင်ထားသော လေယာဉ်ကို မောင်းနှင်ပြီး မိုးကောင်းကင်ပေါ်သို့ ပျံသန်းသွားသည်။ တရုတ်နိုင်ငံသစ်တည်ထောင်ပြီးနောက် တရုတ်နိုင်ငံသားများကိုယ်တိုင်သုတေတနပြုပြီး တပ်ဆင်သော လေယာဉ်များသည် အခြေအနေအသစ်တစ်ရပ်ထဲသို့ ရောက်ရှိသွားသည်။ ၁၉၈၀ခုနှစ်တွင် အကြီးစားလေယာဉ် ယွင့်(၁၀)ကို အောင်မြင်စွာမောင်းနှင်ပျံသန်းနိုင်ခဲ့သည်။

ပထမဆုံးအကြိမ် ပျံသန်းခြင်းကို ကြည့်ရှုသူ ချိန်ဘူစီသည် ယွင့်(၁၀)၏ ဒုဒီဇိုင်းနာချုပ်ဖြစ်သည်။ သူသည်အသံဆို့ကာဖြင့် ပြောသည်။ "ကျွန်တော် အလွန်ဝမ်းသာမိပါတယ်။ ဒါကတရုတ်နိုင်ငံအတွက် သစ်လွင်တဲ့တံခါးပေါက်ကို ဖွင့်လှစ်ပေးသလိုဖြစ်တယ်။ နောက်နောင်တွင် တရုတ်နိုင်ငံဟာ သစ်လွင်သော၊ ကျယ်ပြန့်သော ကမ္ဘာသစ်တစ်ခုဆီသို့ ရောက်ရှိသွားမှာ ဖြစ်တယ်။"

C919 ဟူသော အမည်သည် တရုတ်ဆန်သည်။ C စာလုံးသည်"China"နှင့် တရုတ်နိုင်ငံစီးပွားသုံးလေယာဉ်ကုမ္ပဏီ "COMAC"ဟု အဓိပ္ပာယ်ရသည်။ ပထမဂဏန်း"၉"သည်"ရေရှည်တည်တန့်ခြင်း"ကို အဓိပ္ပာယ်ရသည်။ "၁၉"သည် အများဆုံးတင်နိုင်သောခရီးသည် ဦးရေ၁၉၀ဦးကို ဖော်ပြထားသည်။

အဆိုပါလေယာဉ်၏ ပုံမှန်စံပျံသန်းသည့်ခရီးစဉ်သည် ကီလိုမီတာ (၄၀၇၅) ဖြစ်သည်။ တိုးမြှင့်ရေး ဆွဲထားသောပျံသန်းမှုခရီးစဉ်သည် ကီလိုမီတာ(၅၅၅၅) ဖြစ်သည်။ တရုတ်နိုင်ငံစီးပွားသုံးလေယာဉ်ကုမ္ပဏီမှတာဝန်ရှိသူက ထိုကဲ့သို့ပြောကြားသည်။ C919 ခရီးသည်တင်လေယာဉ်သည် တရုတ်နိုင်ငံအပြည်ပြည်ဆိုင်ရာ လေကြောင်းကုမ္ပဏီစသည့် ပြည်တွင်းပြည်ပ လေယာဉ်အသုံးပြုလုပ်ငန်းအဖွဲ့(၂၃)ဖွဲ့ အော်တာအစီးရေ (၅၇၀)စီးကို မှာယူထားပြီးဖြစ်သည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ဒုတိယမြို့ပြလေကြောင်းလိုင်းဈေးကွက်ကြီးဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် တရုတ်နိုင်ငံမြို့ပြလေကြောင်းလိုင်းမှ တင်ယူပို့ဆောင်သည့် ခရီးသည်ဦးရေမှာ သန်းပေါင်း (၄၃၀)ဦးရှိသည်။ အဲကွန်းဘတ်စ်နှင့် ဘိုးရင်းကုမ္ပဏီတို့၏ ခန့်မှန်းချက်များအရ နောက်နောင်နှစ်ပေါင်း(၂၀)တွင် တရုတ်နိုင်ငံသည် လေယာဉ်ပေါင်းအစီး (၆၀၀၀)ကျော် လိုအပ်မည်ဖြစ်သည်။ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ တစ်ထောင်ဘီလီယံရှိမည်ဖြစ်သည်။

C919 ပံ့ပိုးသူ ဟော့နီဝေအော် (Honey well) လေကြောင်းအဖွဲ့ အာရှပစိဖိတ်ဒေသဥက္ကဋ္ဌလင်စီဝေက ထိုကဲ့သို့ပြောသည်။ "တရုတ်နိုင်ငံနှင့် လက်တွဲကာအိပ်မက်ကို အကောင်အထည်ဖော်ဆောင်လာသည်။ ကျွန်တော်တို့မဟာဗျူဟာကို မှန်ကန်စွာ ဆောင်ရွက်နိုင်သည့်အတွက် အရမ်းဂုဏ်ယူဝမ်းမြောက်မိပါသည်။

သတင်းထောက် - ဟူထောင်

ဓာတ်ပုံသတင်း

### တိုင်းရင်းသားဝတ်စုံဖြင့်အလှပြိုင်ပွဲ



လတ်တလောရက်ပိုင်းတွင် ကျင်းပသော တယ်ဟုန်တိုင်(ရှမ်း) ဂျင်းဖော တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ခွဲ တိုင်းရင်းသားဝတ်စုံဖြင့် အလှတန်ဆာပြိုင်ပွဲကြီးသည် ပရိတ်သတ်များအားအံ့အားသင့်စေခဲ့သည်။ တယ်ဟုန်ပြည်နယ်ခွဲမြို့နှင့်ခရိုင်အသီးသီး သရုပ်ဆောင်သူအယောက် (၁၀၀)ကျော်သည် တယ်ဟုန်ပြည်နယ်တွင် ဘိုးစဉ်ဘောင်ဆက်နေထိုင်သော တိုင်းရင်းသားမျိုးနွယ် (၅)ခုနှင့် တိုင်းရင်းသားမျိုးနွယ် အသီးသီး၏ တန်ဆာအစုံ (၂၀၀)ကျော်ကို ဝတ်ဆင်ပြသခဲ့ပြီး ပရိတ်သတ်ကြီးအား တမူထူးခြားသော "တိုင်းရင်းသားဝတ်စုံပဒေသာပွဲကြီးကို"တင်ဆက်ပေးခဲ့သည်။

သတင်းထောက် - ဝမ်ယွမ်ရွှေ